**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၈၀ / ၂၀၁၃**

**၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**

**( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ၂၀၁၄ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင်ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ ၂၀၁၄ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) လူစီးမော်တော်ယာဉ်များ - ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ

( ခ ) လုပ်ငန်းသုံးယာဉ်များ (ကုန်တင်ယာဉ်/ ခရီးသည်တင်ယာဉ်) - ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ

( ဂ ) မီးသတ်ယာဉ်/ လူနာတင်ယာဉ် - ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ

(ဃ) ယန္တရားများ - ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ

၂။ အထက်အပိုဒ် ၁၊ အပိုဒ်ခွဲ (က) မှ (ဂ) အထိပါ ယာဉ်များတင်သွင်းရာတွင် လက်ဝဲစတီယာရင် ယာဉ်များသာ တင်သွင်းခွင့်ပြုပါမည်။

၃။ အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် ပူးတွဲပါ လုပ်ငန်းသုံး ယန္တရားများအား လွန်ခဲ့သော (၁၅) နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ် ( ၂၀၀၀ ခုနှစ်နှင့်အထက် ထုတ်လုပ်သောယာဉ်) များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

၄။ ယခု အမိန့်ကြော်ငြာစာထုတ်ပြန်ချက်သည် လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်အား ပုံမှန်ထုတ်ပြန်ခြင်းသာ ဖြစ်ပါသည်။ မော်တော်ယာဉ် တင်သွင်းမှုနှင့် ပတ်သက်၍ လက်ရှိချမှတ်ဆောင်ရွက်နေသည့် မူဝါဒများ ပြောင်းလဲခြင်း မပြုဘဲ ဆက်လက်ကျင့်သုံးလျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

(ပုံ)

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ / ၂ - ၃၇ / ၂၀၂၃ ( ၅ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | မြန်မာနိုင်ငံပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | | ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းအဖွဲ့များထံထပ်မံဖြန့်ဝေပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

အောင်သွင်ဦး

ညွှန်ကြားရေးမှူးချုပ်